# Sixth Sunday of Easter - C

## 1st READING: *Acts 15: 1-2, 22-29*

တမန်တော်ဝတ္ထု ၁၅း ၁–၂၊၂၂–၂၉

ဂျုဒပြည်မှအန္တိယောခ့်မြို့သို့ ဆင်းလာသောသူအချို့တို့သည်ညီအစ်ကိုတို့အားသွန်သင်သည်မှာသင်တို့သည်မောရှေ၏ပညတ်တရားနှင့်အညီအရေဖျားလှီးခြင်းကိုမခံကြလျှင်ကယ်တင်ခြင်းမရနိုင်ဟုညအစ်ကမိုးအားသွန်သင်ကြ၏။ ပေါလုနှင့်ဗာနဗတို့သည်ထိုသူများနှင့်အကြီးအကျယ်စိတ်သဘောကွဲလွဲ၍အငြင်းပွားကြ၏။ ထိုအခါဤအကြောင်းနှင့်ပတ်သက်၍တင်ပြဆွေးနွေးရန်ပေါလု၊ဗာနဗနှင့်အခြားသောတပည့်တော်အချို့ကိုဂျေရုဆလင်မြို့ရှိတမန်တော်များနှင့်သက်ကြီးဝါကြီးတို့ထံစေလွှတ်မည့်အကြောင်းဆုံးဖြတ်ကြ၏။ထို့နောက်တမန်တော်များ၊သက်ကြီးဝါကြီးများနှင့်အသင်းတော်တစခုလုံးသည်မိမိတို့အထဲမှလူများရွေးချယ်၍ပေါလု၊ ဗာနဗနှင့်အတူအန္တိယောခ့်မြို့သို့စေလွှတ်ရန်ဆုံးဖြတ်ကြ၏။ သူတို့သည်ညီအစ်ကိုတို့တင်ထင်ရှားသောသူများဖြစ်ကြသည့်ဘာဆဘဟုခေါ်သောဂျုဒနှင့်စီလပ်တို့ကိုစေလွှတ်လျက်စာပေးပို့လိုက်ကြ၏။တို့နှင့်ပေးပို့သောစာသည်ကား၊တမန်တော်များနှင့်သက်ကြီးဝါကြီးများဖြစ်ကြသောသင်တို့၏ညီအစ်ကိုများသည်အန္တိယောခ့်မြို့၊ဆီရိယနှင့်ဆီလိဆိယပြည်တို့တွင်နေထိုင်ကြသောလူမျိုးခြားညီအစ်ကိုတို့ကိုနှုတ်ဆက်လိုက်ပါ၏။ငါတို့ထံမှလူအချို့သည်ငါတို့၏ခွင့်ပြုချက်မရှိဘဲထွက်သွား၍သူတို့၏စကားများဖြင့်သင်တို့ကိုအခက်အခဲကြုံစေပြီး၊သင်တို့စိတ်နှလုံးများကိုအနှောင့်အယှက်ဖြစ်စေကြသည်ဟုငါတို့ကြားသိကြရ၏။ငါတို့သည်အစည်းအဝေးတွင်လူများရွေးချယ်၍သူတို့ကိုသင်တို့ချစ်ခင်သောဗာနဗနှင့်ပေါလုတို့နှင့်အတူသင်တို့ထံသို့စေလွှတရန်သဘောတူညီခဲ့ကြ၏။ပေါလုနှင့်ဗာနဗတိသည်ငါတို့သခင်ယေရှုခရစ်တော်အတွက်မိမိတိအသက်များကိုစွန့်စားခဲ့ကြသောသူများဖြစ်ကြ၏။ငါတို့သည်ဂျုဒနှင့်စီလပ်တို့ကိုသင်တို့ထံစေလွှတ်ခြင်းဖြင့်သူတို့သည်စာတွင်ရေးသားထားသောအကြောင်းအရာတို့ကိုကိုယ်တိုင်နှုတ်အားဖြင့်လည်းပြောပြနိုင်ကြပါလိမ့်မည်။ကျင့်ဆောင်ရမည့်အချက်များထက်ပို၍လေးလံသောဝန်ကိုသင်တို့အပေါ်သို့မတင်ကြရန်သန့်ရှင်းသောဝိညာဉ်တော်နှင့်ငါတို့သည်စိတ်သဘောတူညီကြ၏။ သင်တို့ကျင့်ရမည့်အချက်များသည်ကားရုပ်တုရှေ့တွင်ပူဇော်သောယဇ်ကောင်ကိုလည်းကောင်း၊သွေးကိုလည်းကောင်း၊လည်ပင်းညှစ်၍သတ်သောတိရစ္ဆာန်တို့ကိုလည်းကောင်း၊ကာမဂုဏ်လိုက်စားခြင်းမှလည်းကောင်းရှောင်ကျဉ်ကြရန်တို့ဖြစကြ၏။သင်တို့သည်ဤအရာများရှောင်ကျဉ်ကြပါကသင်တို့အတွက်လုံလောက်လေပြီ။ကျန်းမာရွှင်လန်းကြပါစေဟူ၍ရေးထားလေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms 67:2-3, 5,6,8

**ဆာလံကျမ်း ၆၇**

**သံပြိုင်။** ။ အိုဘုရားသခင်လူအပေါင်းတို့သည်ကိုယ်တော်အားချီးမွမ်းထောမနာပြုကြပါစေ။

**၁။** ။ ဘုရားသခင်သည်ငါတို့အားကရုဏာသက်တော်မူ၍၊ကောင်းချီးပေးတော်မူပါစေ။ကိုယ်တော်၏ရွှေမျက်နှာတော်ကိုလည်းငါတို့အပေါ်ထွန်းတောက်ပါ၏။ ကိုယ်တော်၏လမ်းစဉ်များကိုကမ္ဘာမြေကြီးပေါ်တွင်လည်းကောင်း၊ ကိုယ်တော်၏ကယ်တင်တော်မူခြင်းကိုလူမျိုးတကာတို့အလယ်တွင်လည်းကောင်း၊ ထင်ရှားတော်မူပါစေ။ **(သံပြိုင်)**

**၂။** ။ လူမျိုးအပေါင်းတို့သည်ပျော်ရွှင်မြူးတူးကြလျက်၊ ရွှင်လန်းခြင်းဖြင့်သီဆိုကျေးကြပါစေ။ အကြောင်းမူကား၊ ကိုယ်တော်သည်လူအပေါင်းတို့ကိုတရားမျှတစွာအုပ်စိုးတော်မူ၍၊ ကမ္ဘာမြေကြီးပေါ်ရှိလူမျိုးတကာတို့ကိုဦးဆောင်လမ်းညွှန်တော်မူ၏။ **(သံပြိုင်)**

**၃။** ။ အိုဘုရားသခင်လူအပေါင်းတို့သည်ကိုယ်တော်အားချီးမွမ်းထောမနာပြုကြပါစေ၊လူအပေါင်းတို့သည်ကိုယ်တော်အားချီးမွမ်းထောမနာပြုကြပါစေ။ ကမ္ဘာမြေကြီးစွန်းအပေါင်းတို့သညလည်းကိုယ်တော်ကိုကြောက်ရွံ့ရိုသေကြလိမ့်မည်။ **(သံပြိုင်)**

## 2nd READING: *Rev 21:10-14, 22-23*

ဗျာဒိတ်တော်ကျမ်း ၂၁း ၁၀–၁၄၊ ၂၂–၂၃

ထိုအချိန်၌သူသည်ငါ့ကိုကြီးကျယ်မြင့်မားသောတောင်ပေါ်သို့ဝိညာဉ်တော်အားဖြင့်သယ်ဆောင်သွား၍ဘုရားသခင်စံမြန်းရာကောင်းကင်မှဆင်းသက်လာသောသန့်ရှင်းမွန်မြတ်သည့်ဂျေရုဆလင်မြို့တော်သစ်ကိုငါ့အားပြ၏။ထိုမြို့တော်ကြီးသည်ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့်ပြည့်နှက်လျှက်ရှိရာ၊ရားပါးသောနဂါးသွ ကျောက်ကဲ့သို့တောက်ပ၍သလင်းကျောက်ကဲ့သို့ကြည်လင်၏။ထိုမြို့တော်ကြီး၏မြို့ရိုးသည်ကြီးကျယ်မြင့်မား၍တံခါးပေါက်ဆယ့်နှစ်ပေါက်ရှိ၏။ထိုတံခါးပေါက်တို့တွင်တမန်တော်ဆယ့်နှစ်ပါးရှိ၍တံခါးပေါက်များပေါ်၌အစ္စရေးလ်လူမျိုးဆယ်နှစ်မျိုး၏အမည်နာမများကိုရေးထားလျက်ရှိ၏။အရှေ့ဖက်၌တံခါးသုံးပေါက်၊မြောက်ဖက်၌တံခါးပေါက်သုံးပေါက်တောင်ဖက်၌တံခါးပေါက်သုံးပေါက်၊အနောက်ဖက်၌တံခါးပေါက်သုံးပေါက်ရှိ၏။မြို့တော်၏မြို့ရိုးတွင်အခြေခံအုတ်မြစ်ကျောက်ဆယ့်နှစ်ခုရှိပြီး။ယင်းတို့အပေါ်တွင်သိုးငယ်တော်၏တမန်တော်ကြီးတဆယ့်နှစ်ပါးတ၏အမည်များကိုရေးထားလျက်ရှိ၏။ရွှေစင်ဖြင့်ပြုလုပ်ထားကြ၏။ငါသည်ထိုမြို့တော်ကြီးထဲတွင်ဗိမာန်တော်ကိုမတွေ့ရအကြောင်းမှုကားအနန္တတန်ခိုးတော်ရှင်ထာဝရဘုရားသခင်နှင့်သိုးငယ်တော်သည်မြို့တော်၏ဗိမာန်တော်ဖြစ်သောကြောင့်တည်း။ဘုရားသခင်၏ဘုန်းဂုဏ်တော်သည်အလင်းဖြစ်၍သိုးငယ်တော်သည်မြို့တော်ကြီးကိုအလင်းပေးရန်နေနှင့်လမလိုအပ်ချေ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *John 14:23-29*

ရှင်ယောဟန်ဧဝံဂေလိကျမ်း   ၁၄း ၂၃–၂၉

သခင်ယေရှုးကအကြင်သူသည်ငါ့ကိုချစ်လျှင်ငါ၏စကားကိုလိုက်နာစောင့်ထိန်းမည်။ငါ၏ခမည်းတော်သည်လည်းသူ့ကိုချစ်တော်မူလိမ့်မည်။ငါ၏ခမည်းတော်နှင့်ငါသည်သူထံသို့လာကြ၍သူနှင့်အတူကျိန်းဝပ်တော်မူမည်။ငါ့ကိုမချစ်သောသူသည်ငါ၏စကားများကိုလိုက်နာစောင့်ထိန်းခြင်းမပြု။သင်တို့ကြားရသောစကားသည်လည်းငါ၏စကားမဟုတ်၊ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏စကားသာဖြစ်၏။ငါသည်သင်တို့နှင့်အတူရှိနေစဉ်အခိုက်ဤအကြောင်းအရာများကိုသင်တို့အားငါပြောကြား၏။သို့သော်ငါ၏နာမဖြင့်ခမည်းတော်ဘုရားစေလွှတ်တော်မူမည့်လမ်းညွှန်သူဝိညာဉ်ဘုရားသည်ဤအကြောင်းအရာကိုသင်တို့အားသွန်သင်တော်မည်ဖြစ်၍သင်တို့အားငါမိန့်မှာထားသမျှကိုတဖန်သတိရစေတော်မူလိမ့်မည်။ငြိမ်ချမ်းသာယာခြင်းကိုသင်တို့အားငါထားခဲ့၏။ငါ၏ငြိမ်ချမ်းသာယာခြင်းကိုသင်တို့အားငါပေး၏လောကသားတို့ပေးသကဲ့သို့သင်တို့အားငါပေးသည်မဟုတ်။သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်မကြောက်ကြနှင့်။ငါသည်သွားသော်လည်းသင်တို့ထံသို့တစ်ဖန်ပြန်လာမည်ဟုငါဆိုသည်ကိုသင်တို့ကြားခဲ့ကြ၏။သင်တို့သည်ငါ့ကိုချစ်လျှင်ခမည်းတော်ထံသို့ငါသွားသည်ကိုသင်တို့ဝမ်းမြောက်ကြလိမ့်မည်။အကြောင်းမူကားခမည်းတော်သည်ငါ့ထက်ကြီးမြတ်တော်မူ၏။ဤအမှုအရာများဖြစ်ပျက်မည့်အချိန်၌သင်တို့ယုံကြည်နိုင်ကြစေရန်မဖြစ်ပျက်မီကြိုတင်၍သင်တို့အားငါယခုပြောထား၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**